အစား ညစ်ပေ ရှုပ်ပွေအောင် ထားကြသဖြင့် ဂုဏ်ယူရမည့် နေရာဝယ် ဂုဏ်ပျက်ဘွယ် ဖြစ်ရပါတော့သည်၊ ထိုသို့ မဖြစ်ရ အောင် နောက်ခေတ်ပုဂ္ဂိုလ်များ ကြိုးစားနိုင်ကြပါစေသား။

---

## လေ့ကျင့်ခဏ်း မေးခွန်း

က။ ဘယ်လိုပုဂ္ဂိုလ်ကို "အာဂန္တုက" ဟု ခေါ်သနည်း၊ အာဂန္တုကဝတ်များကို ပြပါ။

ခ ။ ဘယ်လိုပုဂ္ဂိုလ်ကို "အာဝါသိက" ခေါ်သနည်း၊ အာဝါသိက ဝတ်များကို ပြပါ။

ဂ ။ ဘယ်လိုပုဂ္ဂိုလ်ကို "ဂမိက" ဟု ခေါ်သနည်း၊ ဂမိကဝတ် များကို ပြပါ။

ဃ။ ဘယ်လို ပွဲခြင်းကို "အနုမောဒနာ ပွဲခြင်း" ဟု ခေါ် သနည်း၊ ထိုအနုမောဒနာဝတ်ကို ပြပါ။

င ။ ဘယ်လိုနေရာကို "ဘတ္တဂ္ဂ" ဟု ခေါ်သနည်း၊ဘတ္တဂ္ဂဝတ် ကို ပြပါ။

စ ။ ဘယ်လိုပုဂ္ဂိုလ်ကို "ပိဏ္ဍစာရိက ပုဂ္ဂိုလ်" ဟု ခေါ်သနည်း၊ ထို ပိဏ္ဍစာရိကဝတ်ကို ပြပါ။

ဆ။ ဘယ်လို ပုဂ္ဂိုလ်ကို "အာရညိက" ဟု ခေါ်သနည်း၊ ထို အာရညိကဝတ်ကို ပြပါ။